**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးဌာန**

**သစ်တောဦးစီးဌာန**

**မြန်မာနိုင်ငံရှိ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းနှင့်**

**သုတေသနလုပ်ငန်းများပူးပေါင်းဆောင်ရွက်ခြင်း စီမံကိန်း**

# အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောဦးစီးဌာနနှင့် တရုတ်သိပ္ပံအကယ်ဒမီ (Chinese Academy of Sciences-CAS)၊ စစ်ဆောင်ပါးနား အပူပိုင်းရုက္ခဗေဒဥယျာဉ်(Xishuangbanna Tropical Botanical Garden-XTBG) တို့ ပူးပေါင်း၍ **"မြန်မာနိုင်ငံရှိ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းနှင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းစီမံကိန်း (FD-CAS Project)"** အား ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ (၅) နှစ်ကြာသက်တမ်းရှိသော နားလည်မှုစာချွန်လွှာရေးထိုး၍ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ နားလည်မှုစာချွန်လွှာအား ဒုတိယအကြိမ်(၅)နှစ် သက်တမ်းတိုးမြှင့်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက် လျက်ရှိပါသည်။

၂။ အဆိုပါစီမံကိန်းအတွက် အရည်အချင်းပြည့်မီသည့် လုံခြုံရေး (Project Security) (၁)ဦး လစ်လပ်လျက်ရှိသဖြင့် အောက်ဖော်ပြပါသတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည် -

(က) အသက် (၁၈) နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(ဃ) ပြစ်မှု/ပြစ်ဒဏ်ကင်းရှင်းသူဖြစ်ရမည်။

၃။ တာဝန်ထမ်းဆောင်ရမည့်နေရာ - စီမံကိန်းရုံး၊ သစ်တောသုတေသနဌာန။

၄။ တာဝန်ထမ်းဆောင်ရမည့်ကာလ - အလုပ်ခန့်အပ်သည့်နေ့မှ စီမံကိန်းကာလပြီးဆုံးသည့်နေ့ရက်အထိ (၅ နှစ်)။

၅။ လစာ - ၃၀၀၀၀၀ ကျပ်

၆။ စီမံကိန်းလုံခြုံရေး၏ လုပ်ငန်းတာဝန်နှင့် ဝတ္တရားများ (Terms of Reference - ToR) မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) စီမံကိန်းရုံးတည်ရှိသည့် သစ်တောသုတေသနဌာန၊ ရေဆင်းတွင် တာဝန်ထမ်းဆောင်ရမည်။

(ခ) စီမံကိန်းရုံး၌ ညပိုင်းတွင် လုံခြုံရေးတာဝန်အား မပျက်မကွက် ထမ်းဆောင်ရမည်။ (နေ့အချိန်တွင် ပြင်ပအလုပ် လုပ်ခွင့်မပြုပါ)

(ဂ) နေ့အချိန်တွင် စီမံကိန်းအမျိုးသားညှိနှိုင်းရေးမှူးရုံးမှ လုံခြုံရေးနှင့်ပတ်သက်၍ လိုအပ်လာပါက ကူညီဆောင်ရွက်ပေးရမည်။

(ဃ) အလုပ်အချိန်အတွင်း မူးယစ်ဆေးဝါး သုံးစွဲခြင်းနှင့် အရက်သေစာသောက်စားခြင်းတို့ကို ရှောင်ကြဉ်ရမည်။

(င) အလုပ်ရာထူးမှ နှုတ်ထွက်လိုပါက စီမံကိန်းမန်နေဂျာထံသို့ အနည်းဆုံး (၁) လ ကြိုတင်၍ အသိပေးပြီး တာဝန်ယူထားသည့် လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်ပြီးမှသာ နှုတ်ထွက်ရမည်ဖြစ်ပါသည်။

၇။ အစမ်းခန့်ကာလအား (၃) လ သတ်မှတ်ပြီး လုပ်ငန်းဆောင်ရွက်မှုအပေါ် ကျေနပ်မှုရှိပါက အတည်ပြုခန့်အပ်သွားမည် ဖြစ်ပါသည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို သစ်တောသုတေသနဌာန၊ ညွှန်ကြားရေးမှူးရုံးသို့ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည် -

(က) ကိုယ်ရေးရာဇဝင်၊

(ခ) မှတ်ပုံတင်မိတ္တူ၊

(ဂ) အိမ်ထောင်စုဇယားမိတ္တူ၊

(ဃ) ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာ၊

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ။